# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## ကုသရေးဦးစီးဌာန

**ဆေးဘက်ကျွမ်းကျင်(၄)(ဓာတ်မှန်/ဆေးစပ်) နှင့် စိစစ်ရေးမှူး (၄) (ဆေးမှတ်တမ်း) ရာထူးနေရာများ**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဆေးဘက်ကျွမ်းကျင် (၄) (ဓာတ်မှန်/ဆေးစပ်) နှင့် စိစစ်ရေးမှူး (၄) (ဆေးမှတ်တမ်း) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး **(၉၅၉)** နေရာအတွက် အလုပ်ဝင်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | ဆေးဘက်ကျွမ်းကျင် (၄) (ဓာတ်မှန်) | (၃၈၉) နေရာ |
| (ခ) | ဆေးဘက်ကျွမ်းကျင် (၄) (ဆေးစပ်) | (၃၁၆) နေရာ |
| (ဂ) | စိစစ်ရေးမှူး (၄) (ဆေးမှတ်တမ်း) | (၂၅၄) နေရာ |

၂။ **လျှောက်ထားသူသည်** -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် (၂၈-၂-၂၀၂၂) ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဃ) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက် (၃၅)နှစ် ထက် မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာ ဌာန/ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်သည်။ (ကြိုတင်မိတ္တူပေးပို့၍ လျှောက်ထားနိုင်ပါသည်) (ရွေးချယ်ခံရပါက မူလရာထူးမှ နုတ်ထွက်နိုင်သူ ဖြစ်ရမည်။ ပင်စင်အလို့ငှာသာ လုပ်သက်ဆက်စပ်ခွင့်ရှိမည်)

(င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss) ခြင်း၊ ရာထူးမှ ထုတ်ပယ် (Remove) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထား ခွင့်မရှိပါ၊

(စ) ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်၊

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း(**မိတ္တူ) တစ်စောင်စီ၊** ဘွဲ့တစ်ခုခု ရပြီးသူဖြစ်ပါက ဘွဲ့လက်မှတ် (**မိတ္တူ**)၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (**မိတ္တူ**)၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက် **(မူရင်း)**၊

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေး ဦးစီးဌာန၏ ဆေးထောက်ခံစာ **(မူရင်း)**၊

(င) (၃)လ အတွင်း ရိုက်ကူးထားသော ရောင်စုံ လိုင်စင်ဓာတ်ပုံ (၃)ပုံ၊

(စ) အလုပ်သမားမှတ်ပုံတင် **(မူရင်း)**၊

(ဆ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ၊

(ဇ) ပြည့်စုံစွာ ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း။

၄။ လျှောက်လွှာကို **တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် နေပြည်တော်ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာန**သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၂၈-၂-၂၀၂၂) ရက်နေ့၊ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

၅။ ရွေးချယ်ခံရသူများအား ဆေးဘက်ကျွမ်းကျင် (၄) (ဓာတ်မှန်/ ဆေးစပ်) နှင့် စိစစ်ရေးမှူး (၄) (ဆေးမှတ်တမ်း) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အဖြစ် ခန့်ထားမည်ဖြစ်ပြီး၊ ၎င်းတို့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ပြည်သူ့ဆေးရုံကြီးများတွင် ဖွင့်လှစ်မည့် (၆)လသင်တန်းကို On Duty ဖြင့် အချိန်ပြည့် တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ရွေးချယ်ခံရသူများသည် နိုင်ငံ့ဝန်ထမ်းအဖြစ် (၂) နှစ် မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည် ဖြစ်ပြီး၊ (၂)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပါက လျော်ကြေးငွေ (၅၀၀,၀၀၀/-ကျပ်) ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည် ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ကုသရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော် (ဖုန်းအမှတ်၊ ၀၆၇-၃၄၁၁၂၇၈၊ ၀၆၇-၃၄၁၁၆၁၂) နှင့် သက်ဆိုင်ရာ နေပြည်တော်ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**